



# ပုံမှန်အလုပ်လုပ်ချိန်

## ပုံမှန်အလုပ်လုပ်ချိန်နှင့်နားရက်အခွင့်အရေး



1. အလုပ်သတ်မှတ်ချိန် ပုံမှန်အလုပ် တစ်နေ့လျှင် ၈ နာရီထက်မကျော်ရ။



2. အလုပ်ရှင် နှင့် အလုပ်သမားကြားသဘော တူညီချက်အရ ရက်သတ္တပတ်လျှင် ၄၈ နာရီထက်မကျော်ရ။



3. အကယ်၍ အန္တရာယ်ဖြစ်စေတတ်သောအလုပ်များ (မြေအောက် ၊ ရေအောက် လှိုင်ခေါင်းလုပ်ငန်း ၊ တွင်းတူးလုပ်ငန်း ၊ အလင်းရောင်နည်းသည့်လုပ်ငန်းတွေမှာ **တစ်နေ့လျှင် ၇ နာရီထက်မကျော်ရ။**


9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 053 328 134
www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 055 536 685
@MICMAPBURMESE / @mapradiocmms
MAPFOUNDATION



Supported by:



# အလုပ်နားချိန်


## ပုံမှန်အလုပ်လုပ်ချိန်နှင့်နားချိန်အခွင့်အရေး

1. ၅ နာရီတိုင်အဆက်မပြတ် အလုပ်လုပ်လာပြီးနောက် တစ်ရက်တွင် အနည်းဆုံးနားချိန် ၁ နာရီ ရရှိရမည်။
2. အလုပ်ရှင်နှင့်အလုပ်သမားကြားသဘောတူညီချက်အရ ၁–၂ နာရီ အလုပ်ကိုလုပ်လာပြီးနောက် ၁၅ မိနစ် နားချိန်ရရှိရမည်။
3. အကယ်၍ ကုန်စုံဆိုင်လုပ်ငန်းတွေမှာ အလုပ်ရှင်က ပုံမှန်အလုပ်လုပ်ချိန်နှင့်နားချိန်တွေမှာ အတိအကျမသတ်မှတ်နိုင်ပဲ လုပ်ငန်းရဲ့အခြေအနေပေါ်မူတည်ပြီး နားနိုင်သည်။
4. ပုံမှန်အလုပ်လုပ်ချိန်ထက်ကျော်လွန်ပြီး အချိန်ပိုလုပ်ငန်းတွေမှာ အချိန်ပိုမစမီ အနည်းဆုံး မိနစ် ၂၀ နားချိန်ပေးရမည်။


9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 ✆ 053 328 134 www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 ✆ 055 536 685 @MICMAPBURMESE / @mapradiocmms MAPFOUNDATION

Supported by:





# ခွင့်ရက်

## နာမကျန်းခွင့်ရက် နှင့် အလုပ်သမားခွင့်ရက်တင်ရန်

1. အလုပ်သမားတိုင်း နေမကောင်းသည့်အခါ နားခွင့်ရှိသည်။ ၃ ရက်နှင့်အထက်နေမကောင်းလျှင် ဆေးရုံထောက်ခံစာပြရမည်။အကယ်၍ဆေးထောက်ခံစာမရှိလျှင် ခိုင်လုံသည့်အချက်အလက်များရှင်းပြနိုင်ရမည်။ ဥပမာ – လုပ်ငန်းခွင်အတွင်း ထိခိုက်ဒဏ်ရာရခြင်း။

2. အလုပ်သမားတိုင်း အရေးကြီးသည့် ကိုယ်ရေးကိုယ်တာကိစ္စရပ်များလုပ်ဆောင်နိုင်ရန်အတွက် တစ်နှစ်မှာ ၃ ရက်ခွင့်ယူနိုင်သည်။

3. ကိုယ်ဝန်ဆောင်အမျိုးသမီး အလုပ်သမားတိုင်း မီးဖွားခွင့်ရက်ပေါင်း ၉၀ ခံစားပိုင်ခွင့်ရှိသည်။

4. အလုပ်သမားတိုင်း မိမိအသိပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ သင်တန်းများ သွားရောက်သင်ယူလေ့လာခွင့်ရှိသည်။ သို့သော် အလုပ်ရှင်ထံ (၇) ရက်ကြိုတင်ခွင့်တောင်းခံရမည်။

9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 053 328 134 www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 055 536 685 @MICMAPBURMESE / @mapradiocmms MAPFOUNDATION
Supported by:





# နားရက်အလုပ်လုပ်ခွင့်

## »»» ပုံမှန်အလုပ်လုပ်ချိန်နှင့်နားရက်အခွင့်အရေး

### အချိန်ပိုအလုပ် နှင့် နားရက်အလုပ် လုပ်ခွင့် အခွင့်အရေး



1. အကယ်၍ အချိန်ပိုအလုပ်လုပ်ရန်အတွက် အလုပ်ရှင်က ကြိုတင်ပြီး အကြောင်းကြားရမည် အလုပ်သမား၏ သဘောတူညီမှုလည်းပါရှိရမည်။

2. အကယ်၍ အရေးပေါ် အရေးကြီးလုပ်ငန်းမျိုး ဥပမာ ဟော်တယ်လုပ်ငန်း ၊ ပို့ဆောင်ရေးလုပ်ငန်း ၊ ဆေးရုံ အစရှိသော လုပ်ငန်းများအတွက် အလုပ်သမား၏ သဘောတူညီမှုအရ သတ်မှတ်ထားသောအချိန် အထိ လုပ်ဆောင်နိုင်သည်။ သို့သော် တစ်ပတ်လျှင် ၃၆ နာရီထက်မကျော်စေရ။



9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 ✆ 053 328 134 »»» www. mapfoundationcm.org »»»
1/5 Ameena Uthit Road. Mae Sot, Tak, 63110 ✆ 055 536 685 »»» @MICMAPBURMESE / @mapradiocmms MAPFOUNDATION
Supported by:





# နားရက်အခွင့်အရေး

## ပုံမှန်အလုပ်လုပ်ချိန်နှင့်နားရက်အခွင့်အရေး

1. အလုပ်ရက်သတ္တပတ်တွင် ၁ ရက်နားခွင့်ရှိသည်။ ဥပမာ ဟိုတယ်လုပ်ငန်း (သို့) အခြားလုပ်ငန်းတွေမှာ အလုပ်သမားဥပဒေနှင့်အညီ ပုံမှန်အားလပ်ရက်များကို ၄ ပတ်စာအထိ စုဆောင်းနိုင်သည်။

2. ဓလေ့ရိုးရာအတွက် တစ်နှစ်တွင် ၁၃ ရက် ပိတ်ရက်ပေးရမည်။ (အပြည်ပြည်ဆိုင်ရာအလုပ်သမားနေ့အပါအဝင်)

3. အကယ်၍ ဟိုတယ်လုပ်ငန်း ၊ စားသောက်ဆိုင်လုပ်ငန်း စသည့် လုပ်ငန်းများတွင် နားရက်ကိုအလုပ်ရှင်နှင့်ညှိနှိုင်းနိုင်သည်။ (သို့) နားရက်တွင်မနားပဲ အလုပ်ဆက်လုပ်ရန်အတွက်အလုပ်ရှင်က နေ့စားခကို ၂ ဆ ပေးချေရမည်။

4. လုပ်သက် ၁ နှစ်ပြည့်သောအလုပ်သမားတိုင်း ၆ ရက်ထက်မပိုသောနှစ်စဉ်နားရက်ခံစားခွင့်ရှိသည်။


MAP FOUNDATION
9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 053 328 134 www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 055 536 685 @MICMAPBURMESE / @mapradiocmms MAPFOUNDATION


Supported by:





# လျော်ကြေးနှင့်လုပ်အားခ

## လျော်ကြေးနှင့်လုပ်အားခအခွင့်အရေး

1. လုပ်ငန်းတိုင်းတွင် တစ်နေ့လုပ်ချိန် ၈ နာရီဖြစ်ပြီး ၊ တစ်နေ့လုပ်အားခကို လက်ရှိဥပဒေအတိုင်း ပေးဆောင်ရမည်။

2. လုပ်အားခကို ငွေသားအဖြစ် ပေးချေရမည်။

အကယ်၍ လိုအပ်ချက်အရ အလုပ်နားရက်တွင် အလုပ်လုပ်ရန်အတွက် အလုပ်သမားမှ သဘောတူခဲ့လျှင် သာမန်လုပ်အားခ၏ ၁ ဆထက်မနည်းသော လုပ်အားခ ရပိုင်ခွင့်ရှိသည်။

အကယ်၍ အလုပ်နားရက်တွင် အလုပ်သမားသည် လုပ်အားခရရှိနေသော်လည်း နားရက်တွင် အလုပ်လုပ်နေရပါက သာမန်လုပ်အားခ၏ ၂ ဆ ထက်မနည်းသော လုပ်အားခရပိုင်ခွင့်ရှိသည်။

3. အကယ်၍ အလုပ်နားရက်တွင် အချိန်ပိုအလုပ် လုပ်ရလျှင် အနည်းဆုံး တစ်နာရီလုပ်အားခ၏ ၃ ဆ ထက်မနည်းသော အချိန်ပိုခကိုပေးရမည်။


9/34 Moo 1 Ing Doi Village T.Chang Phueak, A.Chiang Mai 50300 ✆ 053 328 134 www. mapfoundationcm.org
1/5 Ameena Uthit Road. Mae Sot, Tak, 63110 ✆ 055 536 685 @MICMAPBURMESE / @mapradiocmms MAPFOUNDATION


Supported by: